# ပြည်ထောင်စုလွှတ်တော်ရုံး
# ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုလွှတ်တော်ရုံးတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေးရာထူး (လစာနှုန်း ကျပ် ၁၈၀၀၀၀–၂၀၀၀–၁၉၀၀၀၀) ၁၇ နေရာ (ဥပဒေပညာဘွဲ့ ၇ ဦး၊ ကွန်ပျူတာသိပ္ပံဘွဲ့/ ကွန်ပျူတာနည်းပညာဘွဲ့ ၇ ဦးနှင့် အင်ဂျင်နီယာဘွဲ့(သတင်းအချက်အလက်နည်းပညာ) ၃ ဦး) အတွက် အောက်ပါ သတ်မှတ်ချက် နှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) တက္ကသိုလ်တစ်ခုခုမှ အောက်ပါဘွဲ့ရရှိထားသူ–
- ဥပဒေပညာဘွဲ့
- ကွန်ပျူတာသိပ္ပံဘွဲ့/ကွန်ပျူတာနည်းပညာဘွဲ့
- အင်ဂျင်နီယာဘွဲ့(သတင်းအချက်အလက်နည်းပညာ)

(ဂ) ၃၁–၇–၂၀၂၀ ရက်တွင် ၂၅ နှစ်ထက် မကျော်စေရ၊

(ဃ) မဟာဘွဲ့ရရှိသူများအတွက် ၃၁–၇–၂၀၂၀ ရက်နေ့တွင် ၂၈ နှစ်ထက် မကျော်စေရ၊

(င) ခန့်ထားခြင်း ခံရပါကအနည်းဆုံး ၃ နှစ် တာဝန်ထမ်းဆောင်နိုင်ကြောင်း ကတိပြုဝန်ခံချက် လက်မှတ်ရေးထိုးနိုင်ရမည်၊

(စ) မဟာဘွဲ့ရရှိသူများအား ခန့်ထားခြင်းခံရပါက တစ်ဆင့်မြင့်ရာထူး တိုးမြှင့်ရေးခြွင်းချက်ဖြင့် စဉ်းစားပေးမည်၊

(ဆ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၂။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များကို ဖော်ပြ၍ ကိုယ်တိုင်လက်မှတ်ရေးထိုး လျှောက်ထားရမည် –

(က) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

(ခ) မွေးနေ့သက္ကရာဇ်(အသက်)၊

(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ၊

(ဃ) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်၊

(င) အိမ်ထောင်ရှိ/မရှိ၊ အိမ်ထောင်ရှိလျှင်ဇနီး/ခင်ပွန်း၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ အလုပ်အကိုင်နှင့် နေရပ်လိပ်စာဖော်ပြရန်၊

(စ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင်၊

(ဆ) ဆက်သွယ်ရန်နေရပ်လိပ်စာ၊ ဖုန်းနံပါတ်။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ ပူးတွဲပါရှိရမည်–

(က) တစ်လအတွင်း ရိုက်ထားသော ပတ်စပို့ဓါတ်ပုံနှစ်ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)၊

(ခ) ဘွဲ့လက်မှတ်(သို့မဟုတ်)သက်ဆိုင်ရာတက္ကသိုလ်၏ထောက်ခံချက်မိတ္တူ၊

(ဂ) အသက်အထောက်အထားအတွက်တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊

(ဃ) တစ်နှစ်အတွင်းပြုလုပ်ထားသော အလုပ်သမား မှတ်ပုံတင်ကတ်ပြားမိတ္တူ၊

( င ) တစ်လအတွင်း ရရှိထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရပ်ကွက်နှင့်ရဲစခန်း၏ ထောက်ခံချက်မူရင်း၊

( စ ) တစ်လအတွင်း ပြုလုပ်ထားသည့် ကျန်းမာရေးကောင်းမွန်ကြောင်းထောက်ခံချက်။

၄။ လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ရုံးအမှတ် (၂၀) နေပြည်တော်သို့ လိပ်မူ၍ ရုံးဖွင့်ရက်များတွင် ၀၉၀၀ နာရီမှ ၁၆၃၀ နာရီအတွင်း လူကိုယ်တိုင် သော်လည်းကောင်း၊ စာတိုက်မှမှတ်ပုံတင်၍သော်လည်းကောင်း ၂၀-၈-၂၀၂၀ ရက် နောက်ဆုံး ထား၍ ပေးပို့နိုင်သည်။

၅။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက်မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော လျှောက်လွှာ များကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ ဖြေဆိုခွင့်ရရှိသူများစာရင်းကို ပြည်ထောင်စုလွှတ်တော် Website နှင့် Facebook page တွင် ၂၄-၈-၂၀၂၀ ရက် ညနေပိုင်းမှစ၍ ကြေညာမည်။

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂၈-၈-၂၀၂၀ ရက်မှစ၍ ရုံးအမှတ် (၂၀) နေပြည်တော်၌ ရုံးချိန် အတွင်း ထုတ်ပေးမည်။

၈။ အရည်အချင်းစစ်ရေးဖြေစာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များကို ကွန်ပျူတာဖြင့် ၂၉-၈-၂၀၂၀ ရက် နံနက် ၀၉၀၀ နာရီမှ ၁၂၀၀ နာရီအထိ ပြည်ထောင်စုလွှတ်တော်ရုံး၊ နေပြည်တော်၌ ဖြေဆိုရမည်။

၉။ အရည်အချင်းစစ်ရေးဖြေစာမေးပွဲ အောင်မြင်သူများစာရင်းကို ၁-၉-၂၀၂၀ ရက်တွင် ပြည်ထောင်စုလွှတ်တော် website: www.pyidaungsu.hluttaw.mm နှင့် Facebook Page: Pyidaungsu Hluttaw တို့တွင် ကြေညာမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို ၃-၉-၂၀၂၀ ရက်၊ ၀၉၀၀ နာရီတွင် ပြုလုပ်မည် ဖြစ်ပါသည်။ လူတွေ့စစ်ဆေးချိန်တွင် အပိုဒ် ၃ ပါ စာရွက်စာတမ်း မူရင်းများတင်ပြရမည်။

၁၀။ အသေးစိတ်သိလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ စီမံရေးဌာနကြီး၊ ၀၆၇-၅၉၃၂၉၄၊ ၀၆၇-၅၉၁၆၃၅ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သို့

ညွှန်ကြားရေးမှူးချုပ်

ပြည်ထောင်စုလွှတ်တော်ရုံး

နေပြည်တော်

ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ      ရက်

အကြောင်းအရာ။ **အငယ်တန်းစာရေး ရာထူးနေရာ လျှောက်ထားခြင်း**

ကျွန်တော်/ကျွန်မ (နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊.........................................................) သည် ပြည်ထောင်စုလွှတ်တော်ရုံးတွင် တာဝန်ထမ်းဆောင်လိုပါသဖြင့် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး ရာထူး နေရာသို့ ခန့်ထားပေးပါရန် လေးစားစွာ လျှောက်ထားအပ်ပါသည်။

ကျွန်တော်/ကျွန်မအား အငယ်တန်းစာရေးရာထူးတွင် ခန့်အပ်ပါက အနည်းဆုံး ၃ နှစ် တာဝန်ထမ်းဆောင်နိုင်ကြောင်းနှင့် ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

လေးစားစွာဖြင့်

လက်မှတ်၊ .........................................................

အမည်၊ .........................................................

နိုင်ငံသားစိစစ်ရေး .........................................................
ကတ်မှတ်၊

# ကိုယ်ရေးမှတ်တမ်းအကျဉ်း

ဓါတ်ပုံ

| | | |
|---|---|---|
| အမည် | - | ---------------------------------------- |
| နိုင်ငံသားစိစစ်ရေးကတ်အမှတ် | - | ---------------------------------------- |
| မွေးသက္ကရာဇ်၊ အသက် | - | ---------------------------------------- |
| လူမျိုး/ကိုးကွယ်သည့်ဘာသာ | - | ---------------------------------------- |
| ပညာအရည်အချင်းနှင့် | - | ---------------------------------------- |
| အောင်မြင်သည့်တက္ကသိုလ်၊ ခုနှစ် | | ---------------------------------------- |
| အိမ်ထောင်ရှိ/မရှိ | - | ---------------------------------------- |
| (အိမ်ထောင်ရှိလျှင် အမည်၊ | - | ---------------------------------------- |
| နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ | | ---------------------------------------- |
| အလုပ်အကိုင်နှင့်နေရပ်လိပ်စာ) | | ---------------------------------------- |
| | | ---------------------------------------- |
| အဘအမည် | - | ---------------------------------------- |
| နိုင်ငံသားစိစစ်ရေးကတ်အမှတ် | - | ---------------------------------------- |
| အဘ၏ အလုပ်အကိုင် | - | ---------------------------------------- |
| အမိအမည် | - | ---------------------------------------- |
| နိုင်ငံသားစိစစ်ရေးကတ်အမှတ် | - | ---------------------------------------- |
| အမိ၏ အလုပ်အကိုင် | - | ---------------------------------------- |
| အမြဲတမ်းနေရပ်လိပ်စာ | - | ---------------------------------------- |
| | | ---------------------------------------- |

ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ- ---------------------------------------------------------------------------

ဆက်သွယ်ရန် ဖုန်းနံပါတ် - ---------------------------------------------------------------------------

တက်ရောက်ခဲ့သောသင်တန်းများ- ---------------------------------------------------------------------------

---------------------------------------------------------------------------

လက်မှတ်၊

အမည်၊